## နိဂုံးချုပ် လင်္ကာ

ကျမ်းပြီးမှတ်ထုံး ကမှတ်ဖုံး၍ နိဂုံးအခန်း ပြည်လုံးမှန်းလျက် ခွဲခြမ်းလှုပ်ဘွေ့ စဉ်းစားစေအံ့၊ ဒို့မြေဌာနီ ရှေးခါဆီဝယ် မထေရ်အပေါင်း စံရာကျောင်းမှ ငြိမ့်ပြောင်းသာယာ မိန့်အာဏာကို ရပ်ရွာလူများ လွန်လေးစားခဲ့၊ ခုကားသို့နှယ် မဟုတ်ကွယ်၍ နယ်ပယ်ပွါးစီး သားသမီးတို့ ဘုန်းကြီးကျောင်းတွင် စာမသင်တော့။

ထို့ပြင်မြို့နေ ကလေးတွေကား ဒို့မေဘာသာ ဒို့မေစာကို သင်ရာကောင်းမျှ မထင်ကြဘဲ ပြင်ကလာပေး စာပထွေးကို အလေးဂရု အရေးပြု၍၊ ယခုလိုသာ နှစ်ပေါင်းကြာလျှင် မြန်မာပြည်ဘွား တိုင်းရင်းသားတို့ ဘုရားကိုစွန့် တရားစွန့်၍ စွန့်လိမ့်မှန်စွာ မြတ်သံဃာတည်း၊ ထိုခါလူများ ကိုယ်ကျင့်အားဖြင့် တရားမပါ အမှားစာကြောင့် များစွာခုထက် တိုး၍ ပျက်လိမ့်။

သို့တွက်များပြား ဘုန်းဘုရားတို့ တရားကိုယ်ကျင့် လုံအောင်ကျင့်၍ မလင့်စေရ ကိုယ့်ဒေသ၌ သိပ္ပံဇ္ဇာ ပြသင့်ရာကို ကောင်းစွာပိုင်ပိုင် ပြသနိုင်မှ ဘုန်းလှိုင်ဟောပြ ဩဝါဒကို စိတ်ကကြည်ဖြူ လိုက်နာယူ၍ ကိုယ်မှုနှုတ်ပြောင်း စိတ်လည်းကောင်းလိမ့်၊ အကောင်းမကောင်း အကြောင်းကြောင်းကို သောင်းပြောင်းကုန်စင် အစုံမြင်၍ ထေရ်ရှင်ရှေ့သွား ဘုန်းအများ၏ တရားစဉ်နှင့် အဆင်သင့်သား **ရှင်ကျင့်ဝတ်ခေါ် ရှေးစာတော်ကို ခေတ်ပေါ်လှစ်ဆင့် စုံအောင်ဖွင့်သည်....မျိုးနှင့်သာသနာ တည်ကြောင်းတည်း။**

**ရုပ်ပုံ ရှင်ကျင့်ဝတ် ပြီး၏။**